# Constitution (University of Medicine 2 Alumni Association)
# "ဆေးတက္ကသိုလ်(၂)ရန်ကုန်ကျောင်းသား/သူဟောင်းများအသင်း
# "ဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်း"

## အခန်း (၁)

**အသင်း၏အမည်နှင့်တည်နေရာ**

အသင်း၏အမည်ကို ကျောင်းသား/သူဟောင်းများအသင်း "UNIVERSITY OF MEDICINE 2 ALUMNI ASSOCIATION" ဟုခေါ်တွင်စေရမည်။ အသင်း၏ တည်နေရာသည် ဆေးတက္ကသိုလ်(၂)ရန်ကုန် နယ်နိမိတ်အတွင်း ရှိစေရမည်။

## အခန်း (၂)

**ရည်ရွယ်ချက်**

၂-၁ နောင်လာမည့်မျိုးဆက်သစ်များအတွက် ဆေးတက္ကသိုလ်(၂) သမိုင်းအစဉ်အလာကို ထိမ်းသိမ်း ရန် နှင့် ကျင့်ဝတ်သိက္ခာ စံနမူနာကောင်းများ ဖြစ်စေရန်။

၂-၂ ကျောင်းသား ကျောင်းသူဟောင်းများ ကွန်ယက်ထူထောင်ခြင်းဖြင့် ကျောင်းသား ကျောင်းသူဟောင်းများ အချင်းချင်း ပိုမိုရင်းနှီးမှု ရရှိစေရန် အပြန်အလှန် ကူညီပံ့ပိုးမှု များပေးနိုင်ရန်။

၂-၃ ဆေးတက္ကသိုလ်(၂) ပညာရေး အဆင့်အတန်း နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရေး အတွက် ကူညီပံ့ပိုးပေးနိုင်ရန်။

၂-၄ သက်ကြီးရွယ်အို ဆရာ/ဆရာမများအား လိုအပ်သည့်ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ပံ့ပိုးမှုများပေးနိုင်ရန်။

၂-၅ ပညာသင်ကြားလျက်ရှိသော လက်ရှိကျောင်းသား/ကျောင်းသူများနှင့် ထိတွေ့မှုပိုမို များပြားလာခြင်းဖြင့် ခေတ်၏လိုအပ်ချက်များနှင့်အညီ ပံ့ပိုးကူညီမှုများ ပြုလုပ်နိုင်ရန်။

## အခန်း(၃)

## အသင်းသားအဖြစ်သတ်မှတ်ခြင်း

၃-၁ အသင်းသား

UNIVERSITY OF MEDICINE (2) GRADUATES

ဆေးတက္ကသိုလ်(၂)တွင် ပညာသင်ကြားခဲ့ပြီး ဘွဲ့ရရှိခဲ့သောကျောင်းသား/သူများအားလုံး

၃-၂ မိတ်ဖက်အသင်းသား

(a)ဆေးတက္ကသိုလ်(၂) တွင် ဒုတိယနှစ်(MBBS) ထိ ပညာသင်ခဲ့ဖူးသူများ။

(b) ဆေးတက္ကသိုလ်(၂) တွင် ဒုတိယအမ်ဘီဘီအက်စ်အထိ ပညာသင်ခဲ့ပြီး အခြား မည်သည့် College/University မှမဆို ဆေးပညာဘွဲ့ရရှိပြီးသူများ

(c)ဆေးတက္ကသိုလ်(၂)တွင် ဒုတိယအမ်ဘီဘီအက်စ်အထိ ပညာသင်ကြားလျက်ရှိသော ကျောင်းသား/ကျောင်းသူများ မှစကာ အလုပ်သင်ဆရာဝန်များအထိပညာသင်ကြား နေကြသူများ။

(d) ဆေးတက္ကသိုလ်(၂)တွင် ဘွဲ့လွန်ပညာသင်ကြားခဲ့သူများ

၃-၃ အသင်းသား၏ရပိုင်ခွင့်

အသင်းမှကျင်းပသော ညီလာခံနှင့်အစည်းအဝေးများတွင် တက်ရောက်ကာ ရွေးချယ်ခံ ပိုင်ခွင့်၊ မဲပေးပိုင်ခွင့် ရှိသည်။

၃-၄ အသင်းသားအဖြစ်မှနုတ်ထွက်ခြင်း

- မိမိသဘောအရ နုတ်ထွက်ခွင့်ရှိသည်။
- နုတ်ထွက်ခွင့်တရားဝင်လျှောက်လွှာတင်ရမည်။
- အနီးဆုံးအလုပ်အမှုဆောင် အစည်းအဝေးတွင် တင်ပြ၍ သဘောတူညီမှုရယူကာ နုတ်ထွက်ခွင့်ပြုမည်ဖြစ်သည်။

၃-၅ အသင်းသားအဖြစ်မှရပ်စဲခြင်း

အသင်းသားတစ်ဦးဦးသည် အောက်ပါအချက်အလက်အကြောင်းအရာများနှင့် ညီစွန်းနေလျှင် အသင်းသားအဖြစ်မှ ရပ်စဲခြင်းခံရမည်။

(a)အသင်း၏ဂုဏ်သရေထိခိုက်ညှိုးနွမ်းစေသော အပြုအမူပြုလုပ်ခြင်း။

(b) ရာဇဝတ်မှုကျူးလွန်ကာ အပြစ်ပေးခံရခြင်း။

(c)အသင်းသို့ပေးသွင်းရမည့် မှတ်ပုံတင်ကြေးကို အသင်းမှကောက်ခံသော်လည်း (၃)နှစ်တိတိ ပေးသွင်းရန် ပျက်ကွက်ခြင်း။

(d) ကွယ်လွန်ခြင်း။

**အခန်း (၄)**

**အသင်း၏ဖွဲ့စည်းပုံ**

**နာယကအဖွဲ့**

- လက်ရှိတာဝန်ထမ်းဆောင်နေကြသောပါမောက္ခချုပ်
- တာဝန်ထမ်းဆောင်ခဲ့သောအငြိမ်းစားပါမောက္ခချုပ်များအားလုံး
- ရှေးဦးအပတ်စဉ်များမှကျောင်းသားဟောင်းကြီး (၃)ဦး

**ဗဟိုအလုပ်မှုဆောင်အဖွဲ့**

(၁) ဥက္ကဋ္ဌ

(၂) ဒု - ဥက္ကဋ္ဌ (ပြည်ပရောက်ကိုယ်စားလှယ် (၁)ဦး + ပြည်တွင်းမှ (၂)ဦး)

(၃) အတွင်းရေးမှူး (၁) ဦး

(၄) တွဲဖက်အတွင်းရေးမှူး (၃) ဦး

(ပြည်ပရောက်ကိုယ်စားလှယ် (၁) ဦး + ပြည်တွင်းမှ (၂) ဦး)

(၅) ဘဏ္ဍာရေးမှူး (၁) ဦး

(၆) တွဲဖက်ဘဏ္ဍာရေးမှူး (၁) ဦး

(၇) စာရင်းစစ် (၁) ဦး

(၈) တွဲဖက်စာရင်းစစ် (၁) ဦး

(၉) ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်များ (၉) ဦး

**လုပ်ငန်းကော်မတီအဖွဲ့**

(၁) ဘဏ္ဍာရေးကော်မတီ

(၂) စည်းရုံးရေးကော်မတီ (ပြည်တွင်း/ပြည်ပ)

(၃) ပြန်ကြားရေးကော်မတီ

(၄) အထောက်အကူပြုကော်မတီ

- ပညာရေး
- လူမှုရေး
- နိုင်ငံတကာဆက်ဆံရေး

အဖွဲ့ဝင်အားလုံး၏သက်တမ်းသည် တစ်ကြိမ်လျှင် (၂)နှစ် ဖြစ်သည်။

## အခန်း (၅)

**အသင်းအစည်းအဝေးကျင်းပခြင်း**

(၁) အသင်းဘဏ္ဍာရေးနှစ်ကို နှစ်စဉ် ဩဂုတ်(၁)ရက်နေ့မှ ဇူလိုင်လ(၃၁)ရက်ထိ သတ်မှတ်မည်။

(၂) နှစ်ပါတ်လည်အစည်းအဝေးကို အသင်း၏ဘဏ္ဍာရေးနှစ်မကုန်ဆုံးမီ ဇူလိုင်လ အတွင်း ကျင်းပမည်။

(၃) နှစ်ပါတ်လည်အစည်းအဝေးကျင်းပမည့်ရက်ကို အသင်းသားများအား ကြိုတင် အကြောင်းကြားရမည်။

**အခန်း (၆)**

**အသင်းအလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

(၁) အသင်း၏ လုပ်ငန်းစဉ်မူဝါဒများ၊ လုပ်ထုံးလုပ်နည်းနှင့်စည်းမျဉ်းစည်းကမ်းများ အားအလုပ်အမှုဆောင်အဖွဲ့မှ သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(၂) အသင်းတိုးတက်အောင်မြင်စေရန် လုပ်ငန်းစဉ်အဖွဲ့ငယ်များဖွဲ့ကာ တာဝန်ပေးနိုင်သည်။

(၃) အသင်းဥက္ကဋ္ဌနှင့် ECများသည် Current Rector Of University Of Medicine 2 နှင့် အခါအားလျော်စွာ တွေ့ဆုံကာ ဦးတည်ချက် (၅)ခုအတွက် အကောင်အထည်ဖော်ရမည်။

**အခန်း (၇)**

**ဖွဲ့စည်းပုံစည်းမျဉ်းပြင်ဆင်ခြင်း**

အသင်းသားတစ်ဦးက ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်သည်ဟု ယူဆလျှင် နှစ်ပါတ်လည် အစည်းအဝေးမတိုင်မီ (၁)လ ကြိုတင်စာဖြင့်ရေးသားပြီးအတွင်းရေးမှူးထံ တင်ပြကာ အသင်းအစည်းဝေးတွင် အားလုံးမဲခွဲ၍ အတည်ပြုမည်။